# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(နော်ဝေနိုင်ငံ)

နိုးနိုးမေ

**နိဒါန်း**

နော်ဝေနိုင်ငံသည် စကင်ဒီနေးဗီးယား (Scandi–navian) ကျွန်းဆွယ်၏ အနောက်မြောက်ဘက်တွင် တည်ရှိပါသည်။ နော်ဝေနိုင်ငံသည် ဆွီဒင်နိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ နော်ဝေနိုင်ငံသည် အာတိတ်စက်ဝိုင်းအတွင်း၌ တည်ရှိသည့်အတွက် နှစ်တစ်နှစ်၏ မေလမှ ဇူလိုင်လအတွင်း ၆၉ ရက်သည် နေမဝင်သောကြောင့် ညဉ့်သန်းခေါင်ချိန်အထိ နေထွက်နေသောမြို့ဟူ၍ တင်စားခေါ်ဝေါ်ကြပါသည်။ လူဦးရေစုစုပေါင်း ၅၄ သန်းကျော်ရှိပြီး မဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၈ သန်းကျော်ရှိပါသည်။ ၃၈၅၁၇၉ စတုရန်းမိုင်ကျယ်ဝန်းပြီး ၉၄ ရာခိုင်နှုန်းမှာ ကုန်းမြေဖြစ်ပါသည်။ နော်ဝေနိုင်ငံသည် ကမ္ဘာပေါ်တွင် တရားမျှတမှုရှိပြီး ဖွံ့ဖြိုးမှုအမြင့်ဆုံး ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံရသော နိုင်ငံဖြစ်ပါသည်။

**အုပ်ချုပ်ရေး**

နော်ဝေနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စည်းမျဉ်းခံဘုရင်စနစ်ကိုကျင့်သုံးပြီး အုပ်ချုပ်ရေးအာဏာအား ဝန်ကြီးချုပ်ဦးဆောင်သည့် နိုင်ငံတော်ကောင်စီမှ ကျင့်သုံးသည်။ နိုင်ငံတော်ကောင်စီသက်တမ်းကုန်ဆုံး၍ တာဝန်အလွှဲအပြောင်းပြုလုပ်သည့်အခါ ဘုရင်က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရသည်။ ဘုရင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည်။ နိုင်ငံတော်ကောင်စီတွင် ဝန်ကြီးချုပ်နှင့် အနည်းဆုံးဝန်ကြီးခုနစ်ဦးတို့ပါဝင်သည်။ နိုင်ငံတော်ကောင်စီသည် ဘတ်ဂျက်အဆိုပြုလွှာများနှင့် အစိုးရငွေတောင်းခံလွှာများကို ပါလီမန် (Storting) သို့ အတည်ပြုရန်နှင့် အတည်ပြုထားသော ငွေတောင်းခံလွှာများကို ဥပဒေအရလက်မှတ်ရေးထိုးရန် အဓိကတာဝန်ရှိသည်။ အဆင့်မြင့်ရာထူး ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်း၊ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခြင်းနှင့် နိုင်ငံတကာစာချုပ်များကို အတည်ပြုခြင်းတို့ကိုလည်း နိုင်ငံတော်ကောင်စီက တာဝန်ယူဆောင်ရွက်ရသည်။

**ဥပဒေပြုရေး**

ဥပဒေပြုရေးတွင် ပါလီမန် (Storting)သည် နိုင်ငံတော်ဘတ်ဂျက်အတည်ပြုခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းတို့ လုပ်ဆောင်သည်။ အုပ်ချုပ်ရေးအဖွဲ့မှ တင်သွင်းလာသော အဆိုပြုလွှာများကို အတည်ပြုရန်အတွက် မဲခွဲဆုံးဖြတ်ဆောင်ရွက်သည်။ ပါလီမန်ကိုယ်စားလှယ် ၁၆၉ ဦးရှိ၍ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပြီး သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ ၂၀၀၉ ခုနှစ် မတိုင်မီက ပါလီမန်ကို Odelsting (အောက်လွှတ်တော်)နှင့် Lagting (အထက်လွှတ်တော်) တို့ဖြင့် ဖွဲ့စည်းပါသည်။ အစိုးရသည် Odelsting (အောက်လွှတ်တော်)နှင့် Lagting (အထက်လွှတ်တော်)ကို ပူးပေါင်းပြီး ပါလီမန်တစ်ခုတည်း ဖွဲ့စည်းရန် နိုင်ငံတော်ကောင်စီသို့ အဆိုပြုခဲ့သော်လည်း Lagting (အထက်လွှတ်တော်)ထံမှ ပူးပေါင်းရန်အတွက် သဘောတူညီမှု မရရှိခဲ့ပေ။ သို့သော် ၂၀၀၉ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် Lagting (အထက်လွှတ်တော်) ကို ဖျက်သိမ်းပြီး ပါလီမန်တွင်သာ ပူးပေါင်းရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို အတည်ပြုခဲ့သည်။




နော်ဝေနိုင်ငံ၏ တည်နေရာပြမြေပုံ

**တရားစီရင်ရေး**

နော်ဝေနိုင်ငံ၏ တရားစီရင်ရေးတွင် သာမန်တရားရုံးများနှင့် အထူးတရားရုံးဟူ၍ တရားစီရင်ရေး (၂)ရပ်ရှိသည်။ ဥပမာအားဖြင့်–

(က) ခရိုင်တရားရုံးများသည် အရပ်ဘက်နှင့် ရာဇဝတ်မှုအားလုံးကို ကိုင်တွယ်သော သာမန်တရားရုံးများဖြစ်သည်။ ခရိုင်တရားရုံးများ၌သာ အမှုအားလုံးကို စတင်စစ်ဆေးရမည် ဖြစ်သည်။

(ခ) ခရိုင်တရားရုံးများမှ ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိပါက အယူခံတရားရုံးများ (court of appeal) တွင် အယူခံလျှောက်ထားနိုင်သည်။

(ဂ) တရားရုံးချုပ်သည် အငြင်းပွားမှုများအတွက် တရားဝင်စီရင်ပိုင်ခွင့်ရှိသော နောက်ဆုံးနေရာဖြစ်သည့် အမြင့်ဆုံးတရားရုံးဖြစ်သည်။

**ရွေးကောက်ပွဲစနစ်နှင့် ပါလီမန်ရွေးကောက်ပွဲ**

နော်ဝေနိုင်ငံ၏ ရွေးကောက်ပွဲစနစ်သည် အချိုးကျကိုယ်စားပြုစနစ် (Proportional Representa–tive System) ကို ကျင့်သုံးပြီး Party List System ဖြစ်သည်။ ပါလီမန်ကိုယ်စားလှယ် ၁၆၉ ဦး ရွေးချယ်ရာတွင် ကိုယ်စားလှယ် ၁၅၀ နေရာအတွက် အချိုးကျကိုယ်စားပြုစနစ်ဖြင့် မဲဆန္ဒနယ်ကိုယ်စားပြုအဖြစ် ရွေးချယ်ပြီး ကျန်ရှိသောကိုယ်စားလှယ် ၁၉ နေရာအတွက် မဲဆန္ဒရှင်များ၏ တစ်ခဲနက်ထောက်ခံမှုကိုရရှိသော ကိုယ်စားလှယ်များထဲမှ Members at Large ဖြင့် ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ ပါလီမန်ကိုယ်စားလှယ် ရွေးချယ်ရန်အတွက် Sainte Lague Method အရ ကိုယ်စားလှယ်လောင်းများအား အချိုးကျခွဲဝေသည့် Party List System ကို အသုံးပြုပါသည်။ နော်ဝေနိုင်ငံ၏ မဲဆန္ဒနယ်မြေသတ်မှတ်ခြင်းကို ၂၀၁၈ ခုနှစ်အထိ ပိုင်းခြားသတ်မှတ်ထားသော စီရင်စု (County) အရေအတွက်အလိုက် စီရင်စု(County)တစ်ခုလျှင် မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ခဲ့ရာ ယခုအချိန်အထိ အော်စလို (Oslo) မြို့အပါအဝင် နိုင်ငံကို မဲဆန္ဒနယ် ၁၉ နယ် ပိုင်းခြားသတ်မှတ်ပါသည်။ နော်ဝေနိုင်ငံ၏ ရွေးကောက်ပွဲသည် တစ်ဦးထက်ပိုသော လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခွင့်ရှိသောမဲဆန္ဒနယ် (Multi–member Constituen–cies) ဖြစ်ပြီး ပါတီစာရင်းအရ အချိုးကျကိုယ်စားပြုစနစ် (Party–list Proportional Representation) ကို အသုံးပြုသည်။ စီရင်စု(County)တစ်ခုစီမှ ပါတီတစ်ခုစီသည် ကိုယ်စားလှယ်လောင်းစာရင်းကို တင်ပြပြီး မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်လောင်းအရေအတွက်ကို မဲရလဒ်အပေါ် မူတည်၍ အချိုးကျခွဲဝေပေးခြင်းဖြစ်သည်။ မဲဆန္ဒနယ်တစ်ခုစီမှ ကိုယ်စားလှယ်လောင်းအရေအတွက်သည် မဲဆန္ဒနယ်မြေအကျယ်အဝန်းနှင့် လူဦးရေအပေါ် မူတည်ပါသည်။ ကိုယ်စားလှယ်လောင်း အရေအတွက် အများစုအနေဖြင့် ရွေးကောက်ခံနိုင်ရန် စုစုပေါင်းဆန္ဒမဲ၏အနိမ့်ဆုံးခိုင်လုံမဲ (Threshold) ၄ ရာခိုင်နှုန်း ရရှိရမည်ဖြစ်သည်။

နော်ဝေနိုင်ငံ၏ ရွေးကောက်ပွဲအားလုံးကို လေးနှစ်တစ်ကြိမ် ကျင်းပသည်။ မြူနီစီပယ်နှင့် စီရင်စု(County)များအား ရွေးကောက်ပွဲကို တစ်ချိန်တည်း ကျင်းပပြီး ပါလီမန်(Storting)၏ ရွေးကောက်ပွဲသက်တမ်းတစ်ဝက်တွင် ကျင်းပပါသည်။ ရွေးကောက်ပွဲနေ့ကို ဘုရင်က သတ်မှတ်ပြီး အများအားဖြင့် စက်တင်ဘာလ၏ပထမပတ်တွင် ကျင်းပပါသည်။

**ဒေသန္တရရွေးကောက်ပွဲ (Local Election)**

ဒေသန္တရရွေးကောက်ပွဲများတွင် County Election နှင့် Municipality Election ဟူ၍ ရှိသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် နော်ဝေနိုင်ငံ၌ ဒေသန္တရရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ မဲဆန္ဒရှင်များသည် ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုနှင့် အခွန်စည်းကြပ်မှုများအတွက် လုပ်ဆောင်နိုင်မည့် မြူနီစီပယ်နှင့် စီရင်စု (County) ကောင်စီများအတွက် ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ၂၀၁၉ ခုနှစ် ဒေသန္တရရွေးကောက်ပွဲများအတွက် မြူနီစီပယ်များအား ၄၂၉ ခုမှ ၃၅၆ ခုသို့လည်းကောင်း၊ စီရင်စု (County) များအား ၁၉ ခုမှ ၁၁ ခုသို့လည်းကောင်း ပြန်လည်ဖွဲ့စည်းပြီး ပထမဆုံးကျင်းပသည့် ဒေသန္တရရွေးကောက်ပွဲ ဖြစ်ခဲ့သည်။

**ဆန္ဒမဲပေးပိုင်ခွင့်ဆိုင်ရာသတ်မှတ်ချက်များ**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၅၀)အရ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသော နော်ဝေနိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်။ ၁၈၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၃ အရ ရာဇဝတ်မှုများအတွက် ဥပဒေအရ ချမှတ်ထားသော သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ထောင်ဒဏ်ကျခံနေရသူများ၊ အစိုးရ၏ ခွင့်ပြုချက်မပါဘဲ နိုင်ငံခြားသို့ရောက်ရှိနေပြီး နိုင်ငံခြားသားအဖြစ် ခံယူထားသူများ၊ ဆန္ဒမဲများဝယ်ခြင်း၊ ကိုယ်ပိုင်မဲရောင်းချခြင်း သို့မဟုတ် မဲရုံတစ်ခုထက်ပို၍ မဲပေးခြင်းကြောင့် အပြစ်ရှိကြောင်း ထင်ရှားသူများကို ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများအဖြစ် သတ်မှတ်ခဲ့ပါသည်။ နောက်ဆုံးပြင်ဆင်ခဲ့သည့် ၂၀၁၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရာဇဝတ်မှုများ ကျူးလွန်သည့်အတွက် ဥပဒေအရ ချမှတ်ထားသော သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ထောင်ဒဏ်ကျခံနေရသူများ၊ အစိုးရ၏ ခွင့်ပြုချက်မပါဘဲ နိုင်ငံခြားသို့ရောက်ရှိနေပြီး နိုင်ငံခြားသားအဖြစ် ခံယူထားသူများသာလျှင် မဲပေးပိုင်ခွင့်မရှိကြောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

**မဲဆန္ဒရှင်စာရင်းပြုစုခြင်း**

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသုံးပြုမည့် သက်ဆိုင်ရာ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်သူဖြစ်ရမည်ဖြစ်သည်။ မဲဆန္ဒရှင်များသည် မိမိသက်ဆိုင်ရာမဲဆန္ဒနယ်မြေတစ်ခု၌သာ စာရင်းပေးသွင်းရမည် ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများကို ရွေးကောက်ပွဲကျင်းပမည့်နှစ်၏ ဇွန်လ ၃၀ ရက်နေ့အတွင်း စာရင်းပြုစုပြီး မဲဆန္ဒရှင်သည် သတ်မှတ်ကာလနောက်ပိုင်းတွင် အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားပါက မိမိပြောင်းရွှေ့မည့်လိပ်စာကို သက်ဆိုင်ရာ လူဦးရေစာရင်း မှတ်ပုံတင်ဌာနသို့ အသိပေးအကြောင်းကြား၍ ရောက်ရှိရာဒေသတွင် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်နိုင်သည်။ သံတမန်ရေးရာအဖွဲ့ဝင်များ၊ ကောင်စစ်ဝန်ရုံးနှင့် ယင်းတို့၏ အိမ်ထောင်စုဝင်များမှအပ နော်ဝေနိုင်ငံပြင်ပတွင် ၁၀ နှစ်နှင့်အထက် နေထိုင်သူဖြစ်ပါက ၎င်းနောက်ဆုံး မှတ်ပုံတင်ခဲ့သည့် နေရပ်တွင်သာ မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းပေးရန် လျှောက်ထားရမည်။ ရွေးကောက်ပွဲကော်မတီမှ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မဲစာရင်းလာရောက်ကြည့်ရှုရန် ကြေညာပြီးချိန်တွင် မဲဆန္ဒရှင်ပြည်သူများမှ မဲစာရင်းလာရောက်ကြည့်ရှုပြီး အမှားပြင်ဆင်ရန်နှင့် မဲစာရင်းတွင် ပါဝင်သင့်သူများ မပါဝင်ပါက အမည်စာရင်း ထည့်သွင်းပေးနိုင်ရန် ရွေးကောက်ပွဲကော်မတီသို့ လျှောက်ထားနိုင်သည်။

စာမျက်နှာ ၉ သို့

> ❊ **နော်ဝေနိုင်ငံ၏ရွေးကောက်ပွဲစနစ်သည် အချိုးကျကိုယ်စားပြုစနစ်** (Proportional Representative System)**ကို ကျင့်သုံးပြီး** Party List System **ဖြစ်သည်။ ပါလီမန်ကိုယ်စားလှယ် ၁၆၉ ဦး ရွေးချယ်ရာတွင် ကိုယ်စားလှယ် ၁၅၀ နေရာအတွက် အချိုးကျကိုယ်စားပြုစနစ်ဖြင့် မဲဆန္ဒနယ်ကိုယ်စားပြုအဖြစ် ရွေးချယ်ပြီး ကျန်ရှိသောကိုယ်စားလှယ် ၁၉ နေရာအတွက် မဲဆန္ဒရှင်များ၏ တစ်ခဲနက်ထောက်ခံမှုကိုရရှိသော ကိုယ်စားလှယ်များထဲမှ** Members at Large **ဖြင့် ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်**

စာမျက်နှာ ၈ မှ

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မတီများအနေဖြင့် မဲစာရင်းတွင်ပါဝင်သော မဲဆန္ဒရှင်များအားလုံး မဲဆန္ဒရှင်ကတ်ပြားရရှိစေရေး ဆောင်ရွက်ပေးသည်။

**ကိုယ်စားလှယ်လောင်းအရည်အချင်း သတ်မှတ်ချက်များ**

အသက်၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နော်ဝေနိုင်ငံသားတိုင်းသည် နော်ဝေနိုင်ငံ၏ ရွေးကောက်ပွဲ တွင် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိသည်။ ရွေးကောက်ပွဲဥပဒေအရ ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူးများနှင့် နိုင်ငံရေးအကြံပေး များမှလွဲ၍ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တရားရုံးချုပ်မှ တရားသူကြီးများ၊ သံရုံးဝန်ထမ်းများနှင့် ကောင်စစ်ဝန်ရုံး ဝန်ထမ်းများသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ကိုယ်စားလှယ်လောင်းသည် သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် အမည်စာရင်း တင်သွင်းနိုင်သည်။ အဆိုပြုလွှာများကို ရွေးကောက်ပွဲကျင်းပမည့်နှစ်၏ မတ်လ ၃၁ ရက် နေ့လယ် ၁၂ နာရီထက် နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်သည်။ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာ၌ မဲဆန္ဒနယ်တစ်ခုတွင် ထောက်ခံသူဦးရေ ၅၀၀ နှင့် အထက်သော်လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပါတီဝင် ၅၀၀၀ နှင့် အထက်သော်လည်းကောင်း ရှိရမည်ဖြစ်သည်။

**နိုင်ငံရေးပါတီများ**

နိုင်ငံရေးပါတီများအနေဖြင့် ပါတီတည်ထောင်လိုပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းတွင် ထည့်သွင်းရန် လျှောက်ထားရမည်။ ယင်းမှတ်ပုံတင်ကို Brnonoysund မြို့ရှိ Registry Unit က ထိန်းသိမ်းထားသည်။ ထိုသို့ မှတ်ပုံတင်ထားသော ပါတီများအားလုံးကို ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဟု သတ်မှတ်ထားခြင်းမဟုတ်သော်လည်း ပါလီမန်ရွေးကောက်ပွဲများတွင် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများကိုသာ ကိုယ်စားလှယ်လောင်းနေရာများ ခွဲဝေပေးနိုင်သည်။ နိုင်ငံရေးပါတီမှတ်ပုံတင်ရာတွင် မှတ်ပုံတင်ထားပြီးသည့် အခြားနိုင်ငံရေးပါတီတစ်ခုနှင့် အရှုပ်အထွေး ဖြစ်စေနိုင်သည့် အချက်အလက်များပါရှိပါက (ဥပမာ–ပါတီကိုယ်စားပြုတံဆိပ်တူနေခြင်း) မှတ်ပုံတင်ခွင့်မရှိကြောင်း တွေ့ရှိရသည်။

**ဆန္ဒမဲပေးခြင်း**

မဲဆန္ဒရှင်ပြည်သူများသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိတို့ စာရင်းပေးသွင်းထားသောနေရာတွင်သာ ဆန္ဒမဲပေးနိုင်သည်။ မဲပေးချိန်သည် နံနက် ၉ နာရီမှ ည ၉ နာရီအထိသာဖြစ်သည်။ မဲရုံပိတ်သိမ်းချိန်ရောက်သော်လည်း မဲရုံပရဝဏ်အတွင်း ရောက်နေသော မဲဆန္ဒရှင်များကို ဆန္ဒမဲပေးခွင့်ပြုသည်။ မဲရုံပရဝဏ်အတွင်းရှိ မဲဆန္ဒရှင်များနှင့် ဆန္ဒမဲပေးရန် သွားရောက်ကြသော မဲဆန္ဒရှင်တစ်ဦးတစ်ယောက်ကိုမျှ မဲဆွယ်ခြင်း မပြုရန်နှင့် ရွေးကောက်ပွဲကို အနှောင့်အယှက်ဖြစ်စေမည့် မည်သည့်လုပ်ရပ်ကိုမဆို မပြုလုပ်ရန် တားမြစ်ထားသည်။ မဲပေးခြင်းကို အနှောင့်အယှက်ဖြစ်စေနိုင်မည့် အကြောင်းတစ်စုံတစ်ရာ ပြုလုပ်သူမည်သူမဆို မဲရုံတွင်တာဝန်ရှိသူက ဖယ်ရှားတားမြစ်နိုင်သည်။ ဆန္ဒမဲပေးရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်–

၁။ မဲဆန္ဒရှင်သည် လျှို့ဝှက်ဆန္ဒပြုရမည်။

၂။ မဲဆန္ဒရှင်သည် မိမိနှစ်သက်ရာပါတီ သို့မဟုတ် အဖွဲ့ကို မိမိဆန္ဒအရ ဆန္ဒမဲပေးနိုင်သည်။

၃။ မဲဆန္ဒရှင်သည် ဆန္ဒပြုပြီးသော မဲလက်မှတ်စာရွက်ကိုခေါက်၍ တံဆိပ်ရိုက်နှိပ်ရန် မဲရုံတာဝန်ရှိသူထံ သွားရမည်။

၄။ မဲဆန္ဒရှင်သည် တံဆိပ်ရိုက်နှိပ်ပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်ရမည်။

၅။ ဆန္ဒမဲပေးပြီးသူတိုင်းကို မဲဆန္ဒရှင်စာရင်း၌ မဲပေးပြီးကြောင်း အမှတ်အသားပြုလုပ်ထားရမည်။ မဲဆန္ဒရှင်များ မဲပေးရန် လာရောက်ချိန်တွင် မဲရုံတာဝန်ရှိသူသည် မဲဆန္ဒရှင် စာရင်းပေးသွင်းထားသော နယ်မြေမှန်ကန်မှု ရှိမရှိနှင့် မဲပေးပြီး မပြီးကို စစ်ဆေးရမည်။ မသန်စွမ်းမဲဆန္ဒရှင်များနှင့် ဆန္ဒမဲပေးရာတွင် အကူအညီလိုအပ်သောမဲဆန္ဒရှင်များအနေဖြင့် မဲရုံကော်မတီထံ အကူအညီတောင်းခံနိုင်သည်။ မဲရုံသို့ လာရောက်မဲပေးနိုင်ခြင်းမရှိသည့် မဲဆန္ဒရှင်များအတွက် ရွေးကောက်ပွဲအရာရှိနှစ်ဦးမှ မဲပုံးအပါအဝင် လိုအပ်သောပစ္စည်းကိရိယာများ ယူဆောင်ကာ မဲဆန္ဒရှင်ထံသွားရောက်၍ ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးမည်။




၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၃ ရက် ပါလီမန်ရွေးကောက်ပွဲရလဒ်။

**“မဲရလဒ်ရေတွက်ခြင်းတွင် ပဏာမရေတွက်ခြင်းနှင့် အပြီးသတ်ရေတွက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ ပဏာမရေတွက်ခြင်း၏ ရည်ရွယ်ချက်သည် အများပြည်သူအား ပဏာမရလဒ်ကို အမြန်ဆုံးချပြနိုင်ရန်ဖြစ်သည်။ ဆန္ဒပြုပြီးသော ကြိုတင်မဲများမှာ မဲရုံမပိတ်မီ ၄ နာရီထက်နောက်မကျစေဘဲ ရောက်ရှိရမည်။ ပဏာမရေတွက်ခြင်းသည် ပုံမှန်ဆန္ဒမဲလက်မှတ်များကို ရေတွက်သည်။ ပဏာမရေတွက်ခြင်းကို ရွေးကောက်ပွဲနေ့ မဲရုံများပိတ်သိမ်းပြီးနောက် စတင်ဆောင်ရွက်သည်”**

**ကြိုတင်ဆန္ဒမဲပေးခြင်း**

မဲဆန္ဒရှင်များသည် ကြိုတင်ဆန္ဒမဲပေးလိုက ပေးနိုင်သည်။ Svalbard ကျွန်းစုနှင့် Jan Mayen ကျွန်းစုတို့အပါအဝင် ပြည်တွင်း၌ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ပြည်ပကြိုတင်ဆန္ဒမဲပေးခြင်း ကာလမှာ ရွေးကောက်ပွဲကျင်းပသည့်နှစ်၏ ဇူလိုင်လ ၁ ရက်နေ့မှ ရွေးကောက်ပွဲမတိုင်မီ သောကြာနေ့အထိဖြစ်သည်။ ကြိုတင်ဆန္ဒမဲပေးသော မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒပြုပြီးသော လက်မှတ်များကို ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၅ နာရီထက်နောက်မကျစေဘဲ ရွေးကောက်ပွဲကော်မတီထံသို့ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ မည်သည့်နေရာ၌ ကြိုတင်မဲပေးနိုင်သည်ကို ရွေးကောက်ပွဲကော်မတီက ဆုံးဖြတ်ပြီး ပြည်တွင်းကြိုတင်ဆန္ဒမဲများကို မြူနီစီပယ်အဖွဲ့မှ လက်ခံရန်တာဝန်ရှိသည်။ ကြိုတင်မဲပေးခွင့်ရှိသောနေရာများမှာ ပုံမှန်အားဖြင့် မြို့တော်ခန်းမနှင့် ဝန်ဆောင်မှုရုံးတို့ဖြစ်သည်။ ပြည်ပတွင်ရှိသော မဲဆန္ဒရှင်များသည်လည်း ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးနိုင်သည်။

**မဲရေတွက်ခြင်း**

ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်ပြီး၍ မဲရုံများပိတ်သိမ်းပြီးချိန်တွင် မဲရေတွက်ခြင်းကို စတင်ပါသည်။ ရွေးကောက်ပွဲကော်မတီသည် ပါလီမန်ရွေးကောက်ပွဲနှင့် ဒေသန္တရအစိုးရရွေးကောက်ပွဲတို့တွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ ရေတွက်ထားသည့် ဆန္ဒမဲလက်မှတ်များ စုစည်းခြင်းတို့ကို ဆောင်ရွက်ရသည်။ မဲစာရင်း၌ မဲဆန္ဒရှင်မည်မျှ မဲပေးသည်နှင့် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ မဲအရေအတွက်မည်မျှရှိသည်ကို သိသာရန် ကြိုတင်မဲနှင့် မဲရုံမဲဟူ၍ သီးခြားစီ ခွဲခြားထားရှိသည်။ မဲရလဒ်ရေတွက်ခြင်းတွင် ပဏာမရေတွက်ခြင်းနှင့် အပြီးသတ်ရေတွက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ ပဏာမရေတွက်ခြင်း၏ ရည်ရွယ်ချက်သည် အများပြည်သူအား ပဏာမရလဒ်ကို အမြန်ဆုံးချပြနိုင်ရန်ဖြစ်သည်။ ဆန္ဒပြုပြီးသော ကြိုတင်မဲများမှာ မဲရုံမပိတ်မီ ၄ နာရီထက်နောက်မကျစေဘဲ ရောက်ရှိရမည်။

ပဏာမရေတွက်ခြင်းသည် ပုံမှန်ဆန္ဒမဲလက်မှတ်များကို ရေတွက်သည်။ ပဏာမရေတွက်ခြင်းကို ရွေးကောက်ပွဲနေ့ မဲရုံများပိတ်သိမ်းပြီးနောက် စတင်ဆောင်ရွက်သည်။ ပဏာမရေတွက်ရာတွင် ဆန္ဒမဲလက်မှတ်များအား ခိုင်လုံမဲအဖြစ်သတ်မှတ်ရန် သံသယရှိမည်ဆိုပါက ဘေးသို့ဖယ်ရှားထားမည်ဖြစ်ပြီး ယင်းဆန္ဒမဲလက်မှတ်များအား အပြီးသတ်မဲရေတွက်ခြင်းအဆင့်တွင် ပြန်လည်ရေတွက်မည်ဖြစ်သည်။ ပဏာမရေတွက်ခြင်းပြီးနောက် သံသယရှိသည့် ဆန္ဒမဲလက်မှတ်များကို အတည်ပြုဆုံးဖြတ်ရန် အပြီးသတ်မဲရေတွက်ခြင်းကို ရွေးကောက်ပွဲကော်မတီမှ တာဝန်ယူဆောင်ရွက်သည်။

**ကိုယ်စားလှယ်လောင်းနေရာခွဲဝေပေးခြင်း**

နော်ဝေနိုင်ငံတွင် လွှတ်တော်ရွေးကောက်ပွဲကို PR စနစ်ကျင့်သုံးပြီး လွှတ်တော်ကိုယ်စားလှယ်နေရာခွဲဝေရာတွင် Sainte Lague Method ကို အသုံးပြုသည်။ Sainte Lague Method သည် တစ်ဦးချင်းစီ၏ မဲရလဒ်များအား ၁၊ ၃၊ ၅၊ ၇၊ ၉ စသည်တို့ဖြင့်စား၍ စားလဒ်ကို ကြီးစဉ်ငယ်လိုက် ခွဲဝေသောနည်းလမ်းဖြစ်သည်။ သို့သော်လည်း နော်ဝေနိုင်ငံတွင် အသုံးပြုသော Sainte Lague Method သည် တစ်ဦးချင်းစီ၏ မဲရလဒ်များအား ၁ ဒသမ ၄ ဖြင့် ပထမဆုံး စတင်စား၍ စားလဒ်ကို ကြီးစဉ်ငယ်လိုက် ခွဲဝေပေးခြင်းဖြစ်သည်။ အဆိုပါစနစ်ဖြင့် ကိုယ်စားလှယ်များအား ရွေးချယ်တင်မြှောက်ရာတွင် ပါတီမှအနည်းဆုံးရရှိရမည့် ဆန္ဒမဲအရေအတွက် (Threshold)အဖြစ် ၄ ရာခိုင်နှုန်း သတ်မှတ်ထားပါသည်။

**ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲများ**

၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် နော်ဝေနိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ မဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၈ သန်းကျော်ရှိပြီး ၇၇ ရာခိုင်နှုန်းကျော် ဆန္ဒမဲပေးခဲ့သည်။ အဆိုပါရွေးကောက်ပွဲတွင် Labour Party(AP) နှင့် Centre Party(SP) မှ ကိုယ်စားလှယ်အရေအတွက် အများဆုံးရရှိခဲ့ပြီး ဝန်ကြီးချုပ် Ema Solberg ၏ Conservative Party (H)သည် ကိုယ်စားလှယ်အရေအတွက် ဒုတိယအများဆုံးရရှိခဲ့သည်။ Labour Party မှ Jonas Gahr Store သည် Centre party နှင့် Socialist Left Party(SV) တို့နှင့် ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းခဲ့ပြီးနောက် Jonas Gahr Store သည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ Sainte Lague သည် Party–list Proportional Representation ကို အသုံးပြုကျင်းပသော ရွေးကောက်ပွဲများတွင် ပါလီမန်၌ ကိုယ်စားလှယ်နေရာ ခွဲဝေသော နည်းလမ်းဖြစ်သည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော နော်ဝေပါလီမန်ရွေးကောက်ပွဲမှ ရရှိခဲ့သောမဲရလဒ်ကို ပုံပါအတိုင်း တွေ့ရှိရပါသည်–

**ရွေးကောက်ပွဲညွှန်ကြားမှုဦးစီးဌာန**

နော်ဝေနိုင်ငံတွင် ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းမှာ ရွေးကောက်ပွဲညွှန်ကြားမှုဦးစီးဌာနဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ယင်းရုံးတွင် လက်ရှိဝန်ထမ်း ၃၁ ဦးရှိပြီး Tonsberg မြို့တွင် အခြေစိုက်သည်။ နော်ဝေနိုင်ငံ၏ ရွေးကောက်ပွဲညွှန်ကြားမှုဦးစီးဌာနသည် ဒေသန္တရအစိုးရနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ လက်အောက်ရှိအေဂျင်စီတစ်ခုဖြစ်ပြီး ရွေးကောက်ပွဲများ ကျင်းပရေးလုပ်ငန်းစဉ်များအတွက် တာဝန်ရှိသည်သာမက ရွေးကောက်ပွဲကျင်းပခြင်းအပေါ် လူထုယုံကြည်မှုကို ထိန်းသိမ်းခြင်းဖြင့် ကောင်းမွန်သောဒီမိုကရေစီစနစ်ကို ပံ့ပိုးကူညီရန် တာဝန်ရှိသည်။ နော်ဝေနိုင်ငံ ရွေးကောက်ပွဲညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၁ ခုနှစ်အတွက် ရည်မှန်းချက် ၃ ရပ်မှာ–

၁။ အများပြည်သူယုံကြည်၍ မှန်ကန်ပြီး လုံခြုံသော ရွေးကောက်ပွဲလုပ်ငန်းစဉ်ဖြစ်စေရန်၊

၂။ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များ လိုအပ်သော အချက်အလက်များ ရရှိနိုင်စေရန်၊

၃။ ရွေးကောက်ပွဲကာလအတွင်း အကောင်းဆုံးလုပ်ဆောင်ရန်၊

ရွေးကောက်ပွဲညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ ပါလီမန်ရွေးကောက်ပွဲများ၊ မြူနီစီပယ်ရွေးကောက်ပွဲများနှင့် စီရင်စု(County) ရွေးကောက်ပွဲများ ကျင်းပရန်၊ စီရင်စု(County) ကော်မတီ၊ မြူနီစီပယ်ကော်မတီတို့ကို ကြီးကြပ်ရန်၊ မြူနီစီပယ်နှင့် စီရင်စု(County) အာဏာပိုင်များအား စည်းမျဉ်း၊ နည်းစနစ်၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အကြံပေးရန်နှင့် မဲပေးနိုင်မည့်အချိန်၊ နေရာ၊ မည်ကဲ့သို့ မဲပေးနိုင်သည်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်ပေးပို့ရန်တို့ဖြစ်သည်။

နိုင်ငံတော်အဆင့်ရွေးကောက်ပွဲကော်မတီအား ပါလီမန်ရွေးကောက်ပွဲမကျင်းပမီ ဘုရင်က ခန့်အပ်ပြီး ယင်းကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်နေရာကို Sainte Lague Method အရ ခွဲဝေပေးသည်။ နိုင်ငံတော်အဆင့် ရွေးကောက်ပွဲကော်မတီတွင် အလှည့်ကျအဖွဲ့ဝင် အနည်းဆုံးငါးဦး ခန့်အပ်ရမည်ဖြစ်ပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ကို ဘုရင်က

စာမျက်နှာ ၁၁ သို့

# အသက် ၄၀ အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါ အဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံ ပြည်သူများ၊ အကျဉ်းသား အကျဉ်း သူများ၊ မသန်စွမ်းသူများ၊ တိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ် အထက် အခြေခံပညာအလယ် တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ် မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့ များ၊ ပြည်သူ့ဆေးရုံများမှ ဆရာ ဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း များက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက် ပိုင်း)အတွင်းရှိ မြို့နယ် ၁၃ မြို့နယ် တို့၌ ဒေသခံပြည်သူ ၉၂၃၈ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံ ပြည်သူ ၁၁၈၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ သံဃာတော်များ နှင့် ဒေသခံပြည်သူ ၁၀၂၁၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ် မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၃၄၀၊ ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၉၁၁၇ ဦး၊ ရေဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့ ၌ ဒေသခံပြည်သူ ၄၉၂၈၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၈၆၄၀၊ ပဲခူးတိုင်းဒေသကြီး အုတ် တွင်းမြို့နှင့် ထန်းတပင်မြို့နယ် တို့၌ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၂၆၁၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်း သူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၄ ဦးနှင့် ရေဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၉၄၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှု များကို သက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၁-၁၂-၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

## ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက် ၁၈ နှစ်အထက် ပြည်သူများအား ပထမအသုတ်(ပထမအကြိမ်) ကာကွယ်ဆေးထိုးနှံ

**ကျောက်ဖြူ ဒီဇင်ဘာ ၁၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသည့် ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ခြုံဆွယ် အုပ်စုမှ အသက် ၁၈ နှစ်အထက်ရှိ ပြည်သူများအား ယင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ပထမအသုတ်(ပထမအကြိမ်) ရောဂါကာကွယ် ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဖြူမြို့နယ် ခြုံဆွယ်ကျေးရွာတွင် ဒီဇင်ဘာ ၁၁ ရက်၌ ကာကွယ်ဆေး ပထမအသုတ်(ပထမအကြိမ်)လာရောက်ထိုးနှံမည့် စာရင်းရှိပြည်သူ ၈၄၀ အား ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)**

*စာမျက်နှာ ၉ မှ*

ခန့်အပ်၍ ယင်းကော်မတီသည် ပါလီမန် ရွေးကောက်ပွဲရလဒ်ကို အတည်ပြုသည်။ ပါလီမန် ရွေးကောက်ပွဲနှင့် စီရင်စု (County) ရွေးကောက်ပွဲ များ ကျင်းပရန်အလို့ငှာ စီရင်စု(County) ရွေးကောက်ပွဲကော်မတီကို စီရင်စု(County) ကောင်စီမှ ရွေးချယ်တင်မြှောက်သည်။ စီရင်စု (County) ရွေးကောက်ပွဲကော်မတီသည် စီရင်စု (County) ရွေးကောက်ပွဲများကို ပြင်ဆင်ခြင်း၊ ကျင်းပခြင်း၊ ပါလီမန်နှင့် စီရင်စု(County) ရွေးကောက်ပွဲများအတွက် ပါတီမှအဆိုပြုတင်သွင်း သော အမည်စာရင်းများကို စိစစ်ဆောင်ရွက်ခြင်း၊ မဲရေတွက်ခြင်းနှင့် ကိုယ်စားလှယ်နေရာခွဲဝေ ပေးခြင်းတို့ ဆောင်ရွက်သည်။ မြူနီစီပယ် ရွေးကောက်ပွဲကော်မတီကို မြူနီစီပယ်ကောင်စီမှ ရွေးချယ်တင်မြှောက်သည်။

### ဖွဲ့စည်းပုံအခြေခံဥပဒေ

နော်ဝေနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၈၁၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် အတည်ပြုခဲ့ပြီး ကမ္ဘာပေါ်တွင် ဒုတိယမြောက်ရေးအကျဆုံး ပြဋ္ဌာန်း ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ယင်းနေ့ကိုလည်း နော်ဝေနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေနေ့အဖြစ် သတ်မှတ်ခဲ့သည်။ အခြေခံမူများ မှာ ပြည်သူလူထု၏ အချုပ်အခြာအာဏာ၊ အာဏာ ခွဲဝေမှု၊ လူ့အခွင့်အရေးတို့ ဖြစ်ကြသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသော မဏ္ဍိုင် ၃ ရပ် ဖြင့် ဖွဲ့စည်း ထားသည်။ ၁၈၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၁၁၀ ရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် ပုဒ်မ ၁၂၁ ခုအထိ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

### နိဂုံး

နော်ဝေနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသော်လည်း ကမ္ဘာပေါ်တွင် ဒီမိုကရေစီ နည်းလမ်းအကျဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အစိုးရ အနေနှင့်လည်း ဒီမိုကရက်တစ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။ နော်ဝေနိုင်ငံ သည် စည်းမျဉ်းခံဘုရင်စနစ်နှင့် ပါလီမန် ဒီမိုကရေစီ စနစ် ပူးတွဲကျင့်သုံးသော်လည်း ဥပဒေပြုလွှတ်တော် များကို စည်းမျဉ်းခံဘုရင်က ၎င်း၏ သဘောဖြင့် ဖျက်သိမ်းခွင့်မရှိဘဲ ပါတီခေါင်းဆောင်များ၊ လွှတ်တော်အကြီးအကဲများကသာ ဖျက်သိမ်းခွင့် ရှိကြောင်း လေ့လာတွေ့ရှိရသည့်အတွက် စည်းမျဉ်းခံ ဘုရင်၊ အစိုးရအဖွဲ့နှင့် လွှတ်တော်အကြား အပြန် အလှန်ထိန်းကျောင်းမှု အားကောင်းလာပြီး ဒီမိုကရေစီလမ်းကြောင်းပေါ် ဆက်လက် လျှောက်လှမ်းလျက်ရှိကြောင်း ရေးသားတင်ပြ အပ်ပါသည်။ ။

### ကျမ်းကိုး


- Constitution of Norway
- https://en.wikipedia.org/wiki/Norwe-gian Directorate of Elections
- https://en.wikipedia.org/wiki/2019 Norwegian local elections
- https://en.wikipedia.org/wiki/2021 Norwegian parliamentary election
- Political system of Norway
- https://www.statista.com/statistics/ 691609/voter-turnout-of-national-parliamentary- elections-in-norway/
- https://en.wikipedia.org/wiki/Politics of Norway#Legislative_branch
- Election act of Norway
- General information about norway-Helena.pdf
- https://www.electionguide.org/ elections/id/3630/
- https://en.wikipedia.org/wiki/Storting
- The main features of the Norwegian electoral system
- http://archive.ipu.org/parline-e/ reports/2239 arc.htm
- https://en.wikipedia.org/wiki/ 2021 Norwegian parliamentary election# Electoral system
- https://www.royalcourt.no/seksjon.html?tid=29977
- https://docplayer.net/20824221-Legislative-council-secretariat-fact-sheet-political- system-of-norway.html